## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ (၂၃-၆-၂၀၂၆)
## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးအောင်မျိုးသန်း၊ ကော့မှူးမဲဆန္ဒနယ်က** ကော့မှူးမြို့နယ် တလုတ္တော-ကရင်စု-အုပ်ကျင်း ကျေးရွာချင်းဆက်လမ်းအား မြေသားတာဘောင်တိုးချဲ့ရန်နှင့် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** ကျေးရွာ၊ အိမ်ခြေ၊ လူဦးရေ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုနှုန်းနှင့် လိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်၍ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားတင်ပြပြီး ရရှိမှုအပေါ်မူတည်၍ လမ်းလွှာအဆင့်ဆင့်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဒေါ်ကြူကြူမော်၊ သာစည်မဲဆန္ဒနယ်က** သာစည်မြို့မြောက်ဘက် (၈)မိုင်ခန့်ရှိ ဝမ်းသာ-ဟံဇား-သာဂရကျေးရွာချင်းဆက် ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** ယခုနှစ်တွင် ဝမ်းသာရွာနှင့် ဟံဇားရွာကြားရှိ အမာခံလမ်း (၄)ဖာလုံအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသည့် အမာခံလမ်းပိုင်းအား အဆင့်မြှင့်တင်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးလှမြင့်၊ မတ္တရာမဲဆန္ဒနယ်က** မတ္တရာမြို့နယ် ရွှေချောင်းကျေးရွာအုပ်စု၊ နေပူရွာမှ ရွှေတချောင်း မြောင်းဘောင်လမ်းသည် မြေသားလမ်းဖြစ်ပြီး မိုးရာသီကာလအတွင်း သွားလာမှုအတွက် အခက်အခဲများစွာဖြစ်ရပါသဖြင့် ပြုပြင်ပေးမည့် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** အဆိုပါလမ်းသည် ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဆင့်ဖြစ်ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုပေါ်မူတည်၍ အဆင့်မြှင့်တင် ပြင်ဆင်ခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၄။ | **ဦးမြင့်ထွန်း၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်က** ကြာအင်းဆိပ်ကြီးမြို့ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းကို ဆက်သွယ်သွားလာနိုင်မည့် ကူးတို့လှေငယ်များဖြင့် သွားလာနေကြရသောနေရာတွင် ဇမိမြစ်ကူး တံတား(ကြာအင်းဆိပ်ကြီး)ကို ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ခုနှစ်မတိုင်မီ ကာလ အတွင်း သင့်လျော်မည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** တံတားမတည်ဆောက်မီ လိုအပ်သည့် ပဏာမကြိုတင်ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်မှုလုပ်ငန်းများဖြစ်သော တံတားအူကြောင်းရွေးချယ်ခြင်း၊ မြေစမ်းသပ်ခြင်းနှင့် တံတားပုံစံထုတ်ခြင်း တို့ကို ၂၀၂၆ မှ၂၀၃၀ ပြည့်နှစ်အတွင်း သင့်လျော်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၅။ | **ဦးစိုင်းဆန်စိန်၊ တန့်ယန်းမဲဆန္ဒနယ်က** ဟိုယ-တန့်ယန်းလမ်း မိုင်းရယ် မြို့နယ်အပိုင်း လွယ်ပန်တောင်ကြောအတက်အဆင်းမှ လမ်းကွေ့(၅)ခု အား ကွန်ကရစ်လမ်းဖြင့် အစားထိုးပေးရန် တန့်ယန်းမြို့နယ် ကတ္တရာ လမ်းအား ၁၂ ပေမှ ၁၈ ပေ တိုးချဲ့ခြင်းကို (၄) မိုင်ခန့် ဆက်လက် လုပ်ဆောင် ပေးရန်နှင့် မြို့အဝင်မုဒ်ဦးအနီး အောင်တော်မူစေတီမှ မြို့အတွင်း မိုင်းကောင်လမ်းအပိုင်းရှိ "ပတ္တမြား"စက်သုံးဆီဆိုင်အနီးအထိ (၂၄)ပေ အကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** လမ်းကွေ့ (၅) ခု ကွန်ကရစ်လမ်းခင်းပေးခြင်းနှင့် တန့်ယန်းမြို့နယ်လမ်းပိုင်း ၇ မိုင် ၅ ဖာလုံအား ၁၈ ပေအကျယ် ကတ္တရာလမ်း ချဲ့ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မြို့တွင်းလမ်းပိုင်းများအား ၂၄ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းကို ပြည်နယ်ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၆။ | **ဦးနိုင်ဝင်း၊ ကျောက်တန်းမဲဆန္ဒနယ်က** ကျောက်တန်းမြို့နယ်၊ သီတာမြိုင်ရပ်ကွက်နှင့် သနပ္ပင်ချင်းကျေးရွာအုပ်စုတို့အား ဆက်သွယ်မည့် မှော်ဝန်းချောင်းကူးတံတားအား အမြန်ဆုံးတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ငလျင်ဒဏ်နှင့် အကြမ်းဖက်မှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တံတားများကို ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါ၍ မှော်ဝန်းချောင်းတံတားအား လတ်တလောတည်ဆောက်ရန် မသင့်သေးပါကြောင်း ဖြေကြားပါသည်။ |
| ၇။ | **ဒေါ်ဇာခြည်လွင်၊ မိုးညှိမဲဆန္ဒနယ်က** ရှမ်းတောာ-မင်းလှ-အင်းဘုတ်ကုန်း မိုးညိုလမ်း(မိုးညိုမြို့နယ်အပိုင်း)အား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် (၁၈)ပေ အကျယ် ကွန်ကရစ်လမ်းခင်းရန်အတွက် ကျန်ရှိသော ၅ မိုင် ၁ ဖာလုံအား ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ နှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ကို မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ယခုနှစ်တွင် လမ်းအရှည် ၁ ဖာလုံအား ၁၈ ပေ အကျယ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ကျန်လမ်းပိုင်းများအား အဆင့်မြှင့်တင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၈။ | **ဦးမျိုးမြင့်သိန်း၊ ဝမ်းတွင်းမဲဆန္ဒနယ်က** ဝမ်းတွင်းမြို့နယ် ရွာဝေအုပ်စုရှိ ကျေးရွာ(၄)ရွာနှင့် မြစ်သားမြို့နယ် ကျေးရွာများတို့မှ ပြည်သူများသွားလာနေသည့် ကင်းတားလက်ဝဲ မြောင်းမကြီးသည် DY-16 မှ ရွာဝေသွားသင်ပုန်းဆိုင်ဖွန်အထိ ယာဉ်(၂)စီး ရှောင်၍မရဘဲ သွားလာနေကြရပါသဖြင့် အကျယ်ပေ(၃၀) ကွန်ကရစ်လမ်း ဖောက်လုပ်ပေးရန်နှင့် ဝမ်းတွင်း-ပင်းတလဲလမ်း(၁၄/၀)မိုင်မှာ နှစ်စဉ်ပျက်စီးမှု ဖြစ်ပေါ်နေသဖြင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ကင်းတား လက်ဝဲမြောင်းမကြီး၏ မြောင်းပေါင်အခြေလမ်းကို အကျယ် ၃၀ ပေ ကွန်ကရစ်လမ်း ဖောက်လုပ်ရန်အတွက် လမ်းဘေးရှိ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် စိုက်ပျိုးမြေများတည်ရှိခြင်းကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ တောင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပြီး ညှိနှိုင်းပြီးပါကဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေလျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဝမ်းတွင်း-ပင်းတလဲလမ်းအား ကျောက်/ကတ္တရာခင်းခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင်လျာထားတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |